# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၇  ရက်နေ့အထိ

- အကျဉ်းချုပ်
- လူ့အခွင့်အရေး ချိုးဖောက်မှုများ
- မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ
- နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၂၀,၈၈+ သတ်ဖြတ်ခံရ

၁၄,၆၉၅+ ဖမ်းဆီးခံခဲ့ရ

၁၁,၆၂၉+ ချုပ်နှောင်ခံထားရဆဲ

## အကျပ်ကိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆိတ်ဆိတ်နေခြင်းသည် စစ်အုပ်စု၏ အကြမ်းဖက်ဝါဒတွင် ပူးပေါင်းကြံစည်ပတ်သက်နေခြင်း ဖြစ်သည်။

စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုတွင် အပြစ်ရှိသော အကြမ်းဖက်ခေါင်းဆောင် မင်းအောင်လှိုင်သည် အာဏာရှင် ၂ နိုင်ငံကြားဆက်ဆံရေးမြှင့်တင်ရန် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။ အာဏာသိမ်းခေါင်းဆောင်၏ မော်စကို ခရီးစဉ်အပြီးတွင် ရုရှားမှ မြန်မာနှင့် ၎င်းတို့၏ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ထိထိရောက်ရောက် လုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ရုရှားသည် လူ့အခွင့်အရေးကို ကိုယ်တိုင်ချိုးဖောက်နှောက်ယှက်နေသောကြောင့် ဤထုတ်ပြန်ကြေငြာချက်သည် အလွန်စိုးရိမ်စရာကောင်းသည်။ မြန်မာပြည်သူလူထုကို စစ်ဆင်နွှဲသော အကြမ်းဖက်ခေါင်းဆောင် မင်းအောင်လှိုင်ကို လက်ခံခဲ့သော ရုရှားနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းရှိ တစ်ခုတည်းသော နိုင်ငံဖြစ်သည်ကိုလည်း သတိပြုသင့်ပါသည်။

မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ စစ်ပွဲကို ပြောင်ပြောင်တင်းတင်း လက်ခံခဲ့သော ရုရှားနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းရှိ တစ်ခုတည်းသော နိုင်ငံဖြစ်သည်ကိုလည်း သတိပြုသင့်သည်။ ရုရှားနိုင်ငံသည် စစ်အာဏာရှင်တို့၏ ရက်စက်ယုတ်မာမှုများကို ပြစ်တင်ရှုတ်ချမည့်အစား စစ်အာဏာရှင်များအား ချီးမွမ်းခြင်းနှင့် လက်ဆောင်များပေးခြင်းဖြင့် ဒီမိုကရေစီအတွက် ကတိကဝတ် လုံးဝကင်းမဲ့ကြောင်း ပြသခဲ့သည်။

စစ်အုပ်စုသည် ရုရှားနိုင်ငံရှိ နျူကလီးယားနှင့် အာကာသစခန်းများသို့ သွားရောက်လည်ပတ်စဉ် အပြစ်မဲ့ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေခဲ့သည်။ နွေဦးတော်လှန်ရေးသည် စစ်အာဏာရှင်ကို ဆန့်ကျင်မှုပုံစံအမျိုးမျိုးဖြင့် ခုခံတော်လှန်ရေးအသွင် ပြင်းပြင်းထန်ထန် ဆက်လက်ဖြစ်ပွားနေသဖြင့် အရှိန်မပျောက်သေးပါ။ မည်သို့ပင်ဆိုစေကာမူ မြန်မာပြည်သူများသည် တစ်ဦးတည်းအားဖြင့်မဟုတ်ဘဲ ၎င်းတို့၏ အခြေအနေအား တွေ့မြင်ကြားသိရကြောင်း သိသာထင်ရှားစေရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ စစ်အုပ်စုကို အရေးယူဆောင်ရွက်ရန် လိုသည်။

ရုရှားသာမက တရုတ်နှင့် ထိုင်းကဲ့သို့ နှုတ်ဆိတ်နေရုံသာမက ခေါင်းဆောင်မှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ လိုအပ်သည့်အချိန်များတွင် ရှုပ်ထွေးစွာ ပါဝင်ပတ်သက်နေသော နိုင်ငံများကိုလည်း တာဝန်ခံမှုရှိရန် အရေးယူဆောင်ရွက်ရမည်။ မြန်မာစစ်အာဏာရှင်မှ ထိုင်းလေပိုင်နက်ကို ကျူးကျော်ဝင်ရောက်လာပြီးနောက် ထိုင်းဝန်ကြီးချုပ်သည် နယ်စပ်တစ်လျှောက်တွင် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်နေသော လေကြောင်းတိုက်ခိုက်မှုကို ရှုတ်ချရန် အခွင့်အရေးရခဲ့သည်။ ယင်းအစား ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာမှ ဖြစ်စဉ်နှင့်ပတ်သက်၍ အကျယ်ချဲ့ရန် မလိုလားကြောင်း ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် တစ်နှစ်ပတ်လုံး ခိုလှုံခွင့်တောင်းခံသည့် စစ်ဘေး ဒုက္ခသည်များကို အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့သော်လည်း ထိုင်းစစ်တပ်သည် ခိုလှုံရန် ကြိုးပမ်းသူများအား ခြိမ်းခြောက်ဟန့်တားခဲ့ပြီး နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှတစ်ဆင့် အကူအညီများ ပေးအပ်ရန်လည်း ငြင်းဆန်ခဲ့သည်။

ထို့အပြင် တရုတ်နိုင်ငံသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို အန္တရာယ်ဖြစ်စေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရန်ပုံငွေများကို ဆက်လက်ထောက်ပံ့ခဲ့သည်။ ရှမ်းပြည်မြောက်ပိုင်းမှ ဒေသခံပြည်သူများသည် နယ်နမိတ်သတ်မှတ်ရေး အငြင်းပွားမှု ပြဿနာကြောင့် တရုတ်နိုင်ငံ၏လျှပ်စစ်ဓာတ်အား ဖြတ်တောက်မှုကို ခံခဲ့ရပြီး ကာလရှည်ကြာ လျှပ်စစ်မီးပြတ်တောက်မှုကိုကြုံတွေ့နေရကြောင်း ယခုလ အစောပိုင်းတွင် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ သတင်းထုတ်ပြန်ခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံပိုင် ဝမ်ပေါင်သတ္တုတွင်းနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် (UMEHL) တို့ ပူးပေါင်းဆောင်ရွက်သည့် လက်ပံတောင်း သတ္တုတွင်း စီမံကိန်းအနီး စစ်ကိုင်းတိုင်းဒေသကြီးတွင် လယ်သမားများ ရက်ရက်စက်စက် လူမဆန်စွာခုတ်ထစ်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ တရုတ်နိုင်ငံသည် ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများကို ဆိုးရွားစွာ အန္တရာယ်များ ဖြစ်စေသည့် စောင့်ကြည့် ထောက်လှမ်းရေးပညာများကို တိုးမြှင့်ပေးနေသည်။

အထူးသဖြင့် အာဆီယံရှိ နိုင်ငံများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထူထောင်ရေးအတွက် စစ်အာဏာရှင်ကို ဖိအားပေးရန် အခွင့်အရေးရှိသည်။ ၎င်းတို့တွင် ကျင့်ဝတ်နှင့် နိုင်ငံရေးဆိုင်ရာ တာဝန်ဝတ္တရားများ ရှိပြီး ဂုဏ်သိက္ခာရှိစွာ လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပြသရမည်ဖြစ်သည်။

# လူ့အခွင့်အရေးချိုး ဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်** – အကြမ်းဖက်စစ်တပ်မှ အရပ်သား ၆ ဦးကို သတ်ဖြတ်ကာ လက်ယက်ရေနံတွင်းပေါင်း ၁၀၀ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ သေဆုံးသူများ၏ မျက်နှာတွင် ဒဏ်ရာများရှိသောကြောင့် မသေဆုံးမီ ညှဉ်းပန်းနှိပ်စက်ခြင်း ခံခဲ့ဖွယ်ရှိသည်။ အလောင်းများကို ရွာထဲရှိ အိမ်ထဲတွင် ပုံ၍ မီးရှို့ခဲ့သည်။ မကွေးတိုင်းဒေသကြီးတွင် အိမ်ခြေ ၃၀၀၀ ထက်မနည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

**မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်** – စစ်တပ်မှ ကမ္ဘားဖြူရွာသား ၇ ဦးကို ဖမ်းဆီးကာ လည်ပင်းကြိုးချည်၍ စစ်ကားနောက် တရွတ်တိုက်ဆွဲနှိပ်စက်သောကြောင့် ၄ ဦးသေဆုံးသွားခဲ့သည်။ ထိုရွာထဲမှ နေအိမ်များကို မွှေနှောက်ဖျက်ဆီးကာ ဆိုင်ကယ်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်** –စစ်တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်စဉ် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲသောကြောင့် အရပ်သားတစ်ဦး သေဆုံးကာ နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲသဖြင့် အသက် ၃၅ နှစ်အရွယ် တောင်သူမှာ ပွဲချင်းပြီးသေဆုံးကာ ဒဏ်ရာရသူ ၂ ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်။ နေအိမ်များပျက်ဆီးခဲ့ပြီး ခြံမွေးတိရိစ္ဆာန်များပါ သေဆုံးခဲ့သည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတွင် ထွက်ပြေးတိမ်းရှောင်သူ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ် ဦးရေသည် ပထမဆုံး အကြိမ် တစ်သန်းကျော်သွားပြီဖြစ်သည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးပို့ရန် လိုအပ်သော အဓိကကျသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို စစ်တပ်မှ ဆက်လက်ပိတ်ဆို့ထားသောကြောင့် ချင်းဒေသခံများသည် အနာဂတ်အတွက် မတည်ငြိမ်မှုများနှင့် မလုံခြုံမှုများ၏ ဝန်ကို ထမ်းရွက်နေရသည်။ ဆန် နှင့် ဆီ ပမာဏ လျော့နည်းလာ ခြင်းနှင့်အတူ ဆား နှင့် ကြက်ဥများ ကဲ့သို့သော အခြေခံ စားသောက်ကုန်များ ဈေးတက် လာနေသည်။

**ထပ်မံဖတ်ရှုရန်**

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် တင်းမာမှုများ မြင့်တက်နေသည်။ တည်ငြိမ်သော ကာလတစ်ခုအပြီး မကြာသေးမီတွင် ပြည်နယ်အတွင်း တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပြီး လူခြောက်ဦးသေဆုံးကာ ပြီးခဲ့သော နှစ်လတာကာလအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အနည်းဆုံး ထိခိုက်ဒဏ်ရာရသူ ၁၁ ဦး ရှိခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်အာဏာရှင်များသည် တရားဥပဒေနှင့် အပြစ်မဲ့ အရပ်သားများ၏ အသက်အိုးအိမ် စည်းစိမ်ကို ဂရုမစိုက်ဘဲလုပ်ဆောင်နေသည်။ ထွက်ပြေးတိမ်းရှောင်သွားသော ရွာသားများနှင့် နေရပ်ပြန်ရန် ကြိုးပမ်းသူများကို ပြင်းပြင်း ထန်ထန်ပစ်မှတ်ထားတိုက်ခိုက်ပြီး ကျေးရွာများတွင် ကျန်ရှိနေသောသူများကို စစ်သားများမှ သတ်ပစ်ခဲ့သည်။

**ထပ်မံဖတ်ရှုရန်**



# ချင်းပြည်နယ်

ချင်းပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးပို့ရန် လိုအပ်သော အဓိကကျသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို စစ်တပ်မှ ဆက်လက်ပိတ်ဆို့ထားသောကြောင့် ချင်းဒေသခံများသည် အနာဂတ်အတွက် မတည်ငြိမ်မှုများနှင့် မလုံခြုံမှုများ၏ ဝန်ကို ထမ်းရွက်နေရသည်။ ဆန် နှင့် ဆီ ပမာဏ လျော့နည်းလာ ခြင်းနှင့်အတူ ဆား နှင့် ကြက်ဥများ ကဲ့သို့သော အခြေခံ စားသောက်ကုန် များလည်း စျေးတက် လာနေသည်။

တိုက်ပွဲများ ရက်ဆက်ဖြစ်ပွားနေသောကြောင့် အရပ်သားများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ရပ်တန့်သွားသည့် နောက်ပိုင်းတွင် လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်း မရှိသောကြောင့် အရပ်သားများသည် ရှင်သန်ရပ်တည်နိုင်စွမ်း မရှိတော့ပါ။ လမ်းခရီးများ ပိတ်ဆို့မှုတိုးလာသည့်အပြင် လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား မှုကြားတွင် မင်းတပ်နှင့် မတူပီမြို့နယ်ရှိ ကျေးရွာများအား ပိုမိုနစ်နာစေခဲ့သည်။ ချင်းနှင့် စစ်ကိုင်း နယ်စပ်တွင် တိုက်ပွဲများဖြစ်ပွားနေပြီး ရမ်သမ်းပစ်ခတ်မှုများကြောင့် အရပ်သားတို့၏ အသက်ရှင်သန်ရေးကို ပိုမိုခြိမ်းခြောက်လာနေသည်။ ထိုဒေသတွင် တိုက်ပွဲများကြောင့် ရာပေါင်းများစွာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှ စတင်၍ မြေမြှုပ်မိုင်းအပါအဝင် စစ်လက်ကျန် ပစ္စည်းပေါက်ကွဲမှုကြောင်း ကလေး ၁၀၀ ကျော် သေဆုံးခဲ့ပြီး အရပ်သားဒေသများတွင် စစ်တပ်ထောင်ထားသော မြေမြှုပ်မိုင်းများသည် အရပ်သားပြည်သူတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည်။ ကလေးများသည် ပဋိပက္ခများတွင် အထိခိုက်ဆုံးဖြစ်သောကြောင့် အကာအကွယ်ပေးရမည်ဖြစ်သည်။ ND-Burma ၏ ဆက်စပ်အဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့ (Chin Human Rights Organization) သည် ချင်းပြည်နယ်တွင် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို စစ်တပ်မှ မည်သို့ ကျူးလွန်နေသည်ကို သတိပြုမိစေရန် ပုံမှန် တောင်းဆို လှုံ့ဆော်နေသည်။



# ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် တင်းမာမှုများ မြင့်တက်နေသည်။ တည်ငြိမ်သော ကာလတစ်ခုအပြီး မကြာသေးမီတွင် ပြည်နယ်အတွင်း တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပြီး လူခြောက်ဦးသေဆုံးကာ ပြီးခဲ့သော နှစ်လတာကာလအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အနည်းဆုံး ထိခိုက်ဒဏ်ရာရသူ ၁၁ ဦး ရှိခဲ့သည်။ မြေမြှုပ်မိုင်းများကို ပြည်သူများနှင့်ကလေးသူငယ်များကို တိုက်ရိုက်ထိခိုက်စေသည့် အရပ်သားဒေသများတွင် မြှုပ်နှံထားခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲခဲ့သည့်နေရာများတွင် မြေမြှုပ်မိုင်းများထပ်ရှိနေနိုင်သောကြောင့် ပြည်သူများသည် ၎င်းတို့၏ မိသားစုဝင်များ၏ အလောင်းများကို ထုတ်ယူနိုင်ခြင်းမရှိခဲ့ပေ။ ချစ်ခင်ရသော မိသားစုဝင်များကို ဆုံးရှုံးရပြီး မိသားစုဘဝများပျက်ဆီးခဲ့ရသောကြောင့် – စစ်အုပ်စုကို မိုင်းရှင်းလင်းပေးရန် မကြာခဏတောင်းဆိုနေသည်။ မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် တောထဲ၌ စားနပ်ရိက္ခာ ရှာဖွေ ဒုက္ခသည်များ ထိခိုက်ဒဏ်ရာရကာ သေဆုံးမှုများရှိခဲ့သည်။

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသား နှင့် လူငယ်များ အစည်းအရုံးမှ ချင်းပြည်နယ် နယ်စပ်တလျှောက်နှင့် ရခိုင်ပြည်နယ်အတွင်း တိုးလာနေသည့် တိုက်ခိုက်မှု အရေအတွက်နှင့် အကြမ်းဖက်စစ်တပ်မှ လူငယ်များကို ပစ်မှတ်ထား ပြန်ပေးဆွဲမှုများကို မှတ်တမ်းတင် ထားသည်။



# စစ်ကိုင်းတိုင်းဒေသကြီး

စစ်အာဏာရှင်များသည် တရားဥပဒေနှင့် အပြစ်မဲ့ အရပ်သားများ၏ အသက်အိုးအိမ် စည်းစိမ်ကို ဂရုမစိုက်ဘဲ လုပ်ဆောင်နေသည်။ ထွက်ပြေးတိမ်းရှောင်သွားသော ရွာသားများနှင့် နေရပ်ပြန်ရန် ကြိုးပမ်းသူများကို ပြင်းပြင်းထန်ထန် ပစ်မှတ်ထားတိုက်ခိုက်ပြီး ကျေးရွာများတွင် ကျန်ရှိနေသောသူများကို စစ်သားများမှ ကွပ်မျက်ခဲ့သည်။ လွန်ခဲ့သည့် သီတင်းပတ်တွင်း စီးနင်းမှုတွင် အသက် ဆယ့်လေးနှစ်အရွယ် မိန်းကလေးတစ်ဦးသည် သူမ၏မိခင်အပါ အခြားဒေသခံသုံးဦးနှင့်အတူ သတ်ဖြတ်ခံခဲ့ရသည်။ ၎င်းတို့သည် အပြစ်မရှိသော်လည်း မတရား သတ်ဖြတ်ခြင်းခံခဲ့ရသည်။

ထို့အပြင် ကန့်ဘလူမြို့နယ်တွင် အရပ်သား လေးဆယ်ခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်မှ ထောင်ထားသော ဗုံးတစ်လုံးကို ဖယ်ရှားရာတွင် စစ်အစိုးရစစ်သားများကို လမ်းပြရန် အသုံးပြုခဲ့သည်။ ဗုံးရှင်းလင်းနေစဉ်အတွင်း အရပ်သားများကို အနီးတွင် ဒူးထောက်ခိုင်းခဲ့သည်။

စစ်ကိုင်းတိုင်း ဒေသကြီးတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားနေပြီး တပ်အင်အား တိုးမြင့်လာမှုကြောင့် စစ်ကိုင်းတိုင်းအနောက်မြောက်ပိုင်းဒေသ မှတ်ပုံတင်ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသားများမှ ၎င်းတို့၏ ဇာတိမြေသည် စစ်အာဏာရှင်ကို ရရာလက်နက်စွဲကိုင်ပုန်ကန်သော အပြင်းထန်ဆုံး ဒေသဖြစ်သဖြင့် တင်းတင်းကျပ်ကျပ် စီစစ်ကန့်သတ်ခံနေရသည်ဟု ပြောဆိုခဲ့သည်။

# နေ့စဉ်အလိုက် မှတ်တမ်းများ

ဇူလိုင် ဒုတိယပတ်

ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အထိ

**၁၁** တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်၏ ဆေးမှူးအမျိုးသမီး ၆ ဦးတို့အား မြန်မာစစ်တပ်မှ ဖမ်းဆီး ညဉ်းပမ်းနှိပ်စက် သတ်ဖြတ်ခဲ့သော ၄ နှစ်ပြည့် အထိမ်းအမှတ်နေ့ဖြစ်သည်။

**၁၂** အာဏာသိမ်း အကြမ်းဖက်ခေါင်းဆောင် မင်းအောင်လှိုင်သည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ခဲ့ပြီး အာကာသနှင့် နျူကလီးယားအေဂျင်စီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

**၁၃** သုံးလတစ်ကြိမ်ထုတ်ဝေသော ကရင်နီပြည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ် ဒုတိယစာစောင်ကို ကရင်နီ လူ့အခွင့်အရေးအဖွဲ့ (Karenni Human Right Group) မှ ထုတ်ပြန်ရာတွင် စစ်အာဏာရှင်များ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို တာဝန်ခံရန် တောင်းဆိုမှုများ ပါဝင်သည်။

**၁၄** ND-Burma အပါအဝင် မြန်မာအရပ်ဘက်များမှ ရုရှားနှင့် မြန်မာစစ်အာဏာရှင် ပူးတွဲကျင်းပမည့် အာဆီယံနှင့် မိတ်ဖက်နိုင်ငံတို့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းအစည်းအဝေး ((ADMM-Plus)ကိုမတက်ရောက်ဘဲ သပိတ်မှောက်ကြရန် ND-Burma အပါအဝင် ပြည်တွင်းပြည်ပမှ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသည့် အဖွဲ့ ၅၀၀ နီးပါး တို့မှ ကာကွယ်ရေးဝန်ကြီးဌာန၊ အမေရိကန်ကို အိတ်ဖွင့်ပေးစာ ပေးပို့တောင်းဆိုလိုက်သည်။

**၁၅** NLD အဖွဲ့ဝင်တစ်ဦးအပါအဝင် လူခြောက်ဦးကို တရားမဝင် စစ်အုပ်စုမှ ပြင်းထန်သော စွဲချက်များဖြင့် မျှတမှုမရှိသော ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**၁၆** ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် ဟိုကန် ကျေးရွာတွင် ဗုံးပေါက်ကွဲမှုကြောင့် အသက် ၁၀ နှစ် အရွယ်ကလေးငယ် တစ်ဦး ထိခိုက် ဒဏ်ရာရခဲ့သည်။

**၁၇** Kaung for You ကျောင်းတည်ထောင်သူ ဆရာ ဦးကောင်းသိုက်စိုး အပါအဝင် CDM ဆရာသုံးဦးကို ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့နယ်မှာ ဖမ်းမိခဲ့သည်ဟု စစ်အာဏာရှင်မှ သတင်းထုတ်ပြန်သည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma